# မေတ္တာ နှင့် ကမ္ဘာ့စစ်ပွဲကြီးများ

ဒုတိယကမ္ဘာစစ်မဖြစ်မီလေးတွင် အီတလီနှင့် အဗက်ဆီးနီးယား (ယခုအီသီယိုးပီးယား) နှစ်ပြည်ထောင် စစ်မက်ဖြစ်ပွားကြရာ လူအများ သေကြေပျက်စီးကြကြောင်း မိုးညှင်းဆရာတော် ကြားသိတော်မူရာ တပည့်ကြီးဖြစ်သူ နေရင်းဦးကောဝိဒအား ထိုနေ့ည ညဦးယံ၌ပင် အနားသို့ ခေါ်၍ (ကမ္ဘာ့မြေပုံကြီးတစ်ချပ်ကိုလည်းရှေ့မှာဖြန့်ခင်းလျက်)–

"ဟောဒီမှာကြည့်စမ်း . . . ဖိုးကောရ . . . အီတလီနဲ့ အဗက်ဆီးနီးယား စစ်ဖြစ်နေကြလို့ သတ္တဝါတွေ သေကြေပျက်စီးလိုက်ကြတာ အလွန်သနားစရာကောင်းတယ်၊ သူတို့ အဲဒီဘေးက လွတ်အောင် မေတ္တာပို့ကြရမယ်ကွယ့်၊ ထိုစစ်ဘေးကြီး တစ်နည်းနည်းနဲ့ အေးသွားတယ်ဆိုရင်ဘဲ ကိုယ့်ရဲ့မေတ္တာအောင်ပြီလို့မှတ်ရမယ်" ဟုအမိန့်ရှိကာ နေ့ရောညပါ မေတ္တာပွားပို့တော်မူလေသည်။ တပည့်များကိုလည်း ပွားပို့ခိုင်းတော်မူ၏။

မေတ္တာပို့၍ ၅ –ရက်အရတွင် ထိုစစ်ပွဲကြီး ပြေငြိမ်းကြောင်း သတင်းစာများ၌ ကြေးနန်းသတင်း ပါလာသည်ကို ဖတ်ရှုကြည့်နူးကြရ၏။

(မဇ္ဈိမာစရိယ ဦးဌေးလှိုင်၏ မေတ္တာဝါဒမှ)

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု
မင်းကွန်းဆရာတော်
ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ
၏

# မေတ္တာဘာဝနာတရားတော်

မန္တလေးတိပိဋကနိကာယ
သာသနာပြုဥပဋ္ဌာကအဖွဲ့

Generated by CamScanner from intsig.com


တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု
ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး

ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ
မဟာထေရ်
မင်းကွန်းတောင်ရိုး ဓမ္မနာဒတိုက် ဗန္ဓုလဓမ္မာရုံ၌
သာသနာနှစ် ၂၅၃၂ - ခု
ကောဇာသက္ကရာဇ် ၁၃၅၀ - ပြည့်နှစ်
သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ
တစ်နိုင်လုံးသို့ ထုတ်လွှင့်ဟောကြားတော်မူအပ်သော

# မေတ္တာဘာဝနာ တရားတော်

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၉/၉၆ (၉) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၁၀/၉၆ (၁၀) |
| ထုတ်ဝေသူ | ဦးပါ (အကျိုးတော်ဆောင်)<br>တိပိဋကနိကာယ<br>သာသနာပြု ဥပဋ္ဌာကအဖွဲ့<br>(မန္တလေးဌာနခွဲ) ၂၆ - B<br>လမ်း၊ ပိုက်ကျိုးရပ်၊<br>မန္တလေးမြို့။ |
| အကြိမ် | |
| အုပ်ရေ | |
| တန်ဖိုး | (       ) |



## မေတ္တာဘာဝနာတရားတော်

### ပဏာမ

ဘုန်းကြီးကနေ့ဟောပေးမှာ မေတ္တာဘာဝနာပွားများပုံ ၂ နည်းကို ဟောပေးပါမယ်။ တစ်နည်းက ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာလာတဲ့ ဒိသာဖရဏမေတ္တာ လို့ခေါ်တဲ့ အရပ် (၁၀) မျက်နှာဖြန့်ဝေတဲ့ မေတ္တာဖြစ်ပါတယ်၊ တစ်နည်းက မေတ္တာသုတ်ပရိတ်မှာလာတဲ့ မေတ္တာဘာဝနာ (၁၁) နည်းဖြစ်ပါတယ်။ မေတ္တာပွားပုံ နှစ်နည်းကို ဟောပေးပါမယ်။



### ဟောခြင်းအကြောင်း

ဘာဖြစ်လို့ မေတ္တာဘာဝနာပွားပုံကို ဟောရတုန်း။ ကနေ့ ကြည့်မယ်ဆိုရင် သတ္တဝါတွေမှာ ရာဂမီး, ဒေါသမီး, မောဟမီး ၃ ပါး။ ဒါတွေ တဟုန်းဟုန်း လောင်နေတယ်။ ဒီမီးမြင်ရတဲ့ ဉာဏ်နဲ့ကြည့်ရင် မြင်ရတဲ့မီး ၃ ပါး။ တစ်ခါ ဉာဏ်နဲ့ကြည့်ရင် မြင်ရမယ့် အကျိုးမီးက ငရဲမီး၊ အဲဒီမှာ သင်္ဂဇာဆရာတော်ကြီးက မီး ၃ ပါးနဲ့ အကြောင်းပြပြီးတော့ ဟောထားတာ ရှိပါတယ်။

လောဘဂ္ဂိနိ သုနိဿာယ၊
ဒေါသဂ္ဂိနိ ဝိဝဍ္ဎရေ။
ဒေါသဂ္ဂိနိ သုနိဿာယ၊
မောဟဂ္ဂိနိ ဝိဝဍ္ဎရေ။

မောဟဂ္ဂိနိ သုနိဿာယ၊
နရကဂ္ဂေ ဝိဝဍ္ဎ ရေ။
နရကဂ္ဂေ ဝိဝဍ္ဎန္တာ၊
နရာ နရာ သုဒုက္ခရေ။

သင်္ဂဇာဆရာတော်ဘုရားကြီးက ဂါထာရေးဖွဲ့ပြီးတော့ထားပါတယ်။ ဒါလဲပဲ ဣတိဝုတ် ပါဠိတော်ကလာတဲ့

အဂ္ဂိသုတ်ဂုံမှိုးပြီးတော့ ရေးခြင်းဖြစ်ပါတယ်။

(တစ်) လောဘမီးကို အကြောင်းပြုတော့ ဒေါသမီးတောက်တယ်။

(နှစ်) ဒေါသမီးကိုကြောင်းပြုပြီးတော့ မောဟမီး တောက်တယ်။

(သုံး) မောဟမီးတောက်တော့ ငရဲမီးတွေ တောက်ကုန်တယ်။

(လေး) ငရဲမီးတောက်ရင် သတ္တဝါတွေဟာ ဒုက္ခမီးတွေ တဟုန်းဟုန်းတောက်တယ်။

ဒါဖြစ်ရင် ကောင်းပြီ။ မီးကိုငြိမ်းစေတတ်တဲ့ ရေရှိသလို အခုပြောတဲ့ လောဘမီး, ဒေါသမီး, မောဟမီး, ငရဲမီး, ကိုငြိမ်းစေတတ်တဲ့ တရားရေကော မရှိဘူးလားဆို။ တရားရေက မေတ္တာဘာဝနာသည် အဲဒီမီးတွေကို ငြိမ်းစေတတ်တဲ့ ရေစင်ရေအေးဖြစ်ပါတယ်။

## မေတ္တာပွားနည်း

မေတ္တာဘာဝနာ ရေစင် ရေအေး ပွားတဲ့ နည်းဟာ ဘုန်းကြီးတို့ ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ လာတဲ့ အရပ် ၁၀ မျက်နှာ၊ တစ်မျက်နှာ တစ်မျက်နှာလျှင် မေတ္တာ ၄ ပါး ၄



ပါးပွားတဲ့ မေတ္တာဘာဝနာ ရေစင်တစ်မျိုး။

မေတ္တာသုတ်ပရိတ်မှာလာတဲ့ မေတ္တာ ဘာဝနာ (၁၁) မျိုး၊ နှစ်မျိုးတောင်ရှိပါတယ်။ မေတ္တာရေစင်ဆေးနှစ်မျိုး ပြောကြပါစို့. . .

## ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ မေတ္တာပွားနည်း

ဤတွင် ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာလာတဲ့ မေတ္တာဘာဝနာပွားပုံက ဘုန်းကြီးတို့ ဒီအရပ် ၁၀ မျက်နှာကို စာက ရေတွက်ပုံက တစ်မျိုးနော်။

စာက အရှေ့, အနောက်, မြောက်, တောင်, တစ်ခါ အရှေ့တောင်, အနောက်မြောက်, အနောက်တောင်, အရှေ့မြောက်, အောက်, အထက် အဲဒီလို သူ့နည်းနဲ့သူပေါ့လေ။ တူရူအရပ် ၄ မျက်နှာ၊ အထောင့် အရပ် ၄ မျက်နှာ၊ သလိုဆိုပြီးတော့ အောက်, အထက်။

အရပ်ထဲက လူတွေ မှတ်ဖို့ လွယ်တဲ့နည်းက အရှေ့အရပ်, အရှေ့တောင်အရပ်, တောင်အရပ်, အနောက်တောင်အရပ်, အနောက်အရပ်, အနောက်မြောက်အရပ်. မြောက်အရပ်, အရှေ့မြောက်အရပ်, အဲဒီလိုမှတ်ရင်လည်း

Generated by CamScanner from intsig.com

ပဲ အရပ်ထဲက နည်းက ပြီးပါတယ်။ ဤတွင် ဥပမာ-

အရှေ့အရပ် ဆိုပါစို့. . .

ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ

အဝေရာ ဟောန္တု၊

အဗျာပဇ္ဇာ ဟောန္တု၊

အနီဃာ ဟောန္တု။

သုခီ အတ္တာနံ ပရိဟရန္တု လို့ န္တုလေးချက်ဟာ **မေတ္တာဘာဝနာ**ကိုပြတယ်။ အရပ်တစ်မျက်နှာအတွက် **မေတ္တာ** ၄ ပါး ပွားတတ်ရင် ကျန်တဲ့ အရပ် ၉ မျက်နှာ **အတွက်** အကုန်လုံး မေတ္တာပွား တတ်သွားတယ်။

### အပ္ပမညာကမ္မဋ္ဌာန်း

အဲဒီမှာ အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါလို့ မေတ္တာက အပ္ပမညာကမ္မဋ္ဌာန်း ခေါ်ပါတယ်။ သတ္တဝါအပိုင်းအခြား မထားရဘူး။ သတ္တဝါမနှိုင်းယှဉ်လောက်အောင်များတဲ့ အနန္တသတ္တဝါ။ အဲဒီလို စကြဝဠာလဲပဲ အရှေ့ဘက်က အနန္တစကြဝဠာ၊ စကြဝဠာအနန္တမှာရှိကြတဲ့ အနန္တသတ္တဝါတွေ အာရုံပြုပြီးတော့ အဝေရာ ဟောန္တု ဆိုတာက ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ တစ်ယောက် တစ်ယောက် ရန်ပြုလိုတဲ့ စေတနာ၊ ဘုန်းကြီး



တို့စာအခေါ် ဝေရစေတနာလို့ ခေါ်တယ်။ အဲဒီ ဝေရစေတနာ ရန်ပြုလို၍ စေတနာဖြစ်ရင် ဒေါသတွေ ဖြစ်လာတယ်၊ ဒေါသတွေ ဖြစ်လာရင် ကိုယ်စိတ် ဆင်းရဲရတယ်၊ အဲဒီကိုယ်စိတ်ဆင်းရဲရင် နှလုံးစိတ်ဝမ်း မအေးချမ်းတော့ဘူး အေး. . . နှလုံးစိတ်ဝမ်းပူပန်တယ်၊ အဲဒါကြောင့် ဒီ ၄ ခုကို တန်းပြီးတော့. . .

အဝေရာ ဟောန္တုကို ကြည့်ပြီးတော့

ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ. . .

အဗျာပဇ္ဇာ ဟောန္တုကို ကြည့်ပြီးတော့

ဒေါသခပ်သိမ်း ငြိမ်းကြပါစေ. . .

အနီဃာ ဟောန္တုကို ကြည့်ပြီးတော့

ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ. . .

သုခီအတ္တာနံ ပရိဟရန္တုကို ကြည့်ပြီးတော့

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ လို့ဆိုရင် ဗမာနည်းနဲ့ ဗမာပွားရင် အနက်အဓိပ္ပါယ် မထင်စရာ မရှိဘူး။

### ဒိသာဖရဏ မေတ္တာပွားနည်း

မျက်စိကို မှိတ်ထား၊ သို့မဟုတ် စက္ခုန္ဒြေကို ချထားပြီးတော့ ပွားကြည့်ရအောင်။ ဘုန်းကြီးတို့ စာထဲကလာတဲ့

အရပ်အသွားနဲ့ တူရူက လေးမျက်နှာ၊ အထောင့်အရပ် လေးမျက်နှာ၊ အောက် အရပ်, အထက်၊ အားလုံးအရပ် ၁၀ မျက်နှာ, မေတ္တာဘာဝနာ ပွားရအောင်၊ ဒကာကြီးတွေ ဒကာမကြီးတွေ စက္ခုန္ဒြေမျက်လွှာချပြီးတော့ ဟောဒီ ဒိသာ ဖရဏာမေတ္တာကို အရင်ပွားကြရအောင်ဗျ၊ လိုက်ဆိုကြပါ။

(ဆရာတော်ကြီးက ရှေ့ကချပေးသည်ကို နောက်က လိုက်ဆိုကြသည်)

၁။ အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တ သတ္တဝါတို့. . .

| | |
|---|---|
| ဘေးရန်ခပ်သိမ်း | ငြိမ်းကြပါစေ။ |
| ဒေါသခပ်သိမ်း | ငြိမ်းကြပါစေ။ |
| ဆင်းရဲခပ်သိမ်း | ငြိမ်းကြပါစေ။ |
| နှလုံးစိတ်ဝမ်း | အေးချမ်းကြပါစေ။ |

၂။ အနောက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တ သတ္တဝါတို့. . .

| | |
|---|---|
| ဘေးရန်ခပ်သိမ်း | ငြိမ်းကြပါစေ။ |
| ဒေါသခပ်သိမ်း | ငြိမ်းကြပါစေ။ |
| ဆင်းရဲခပ်သိမ်း | ငြိမ်းကြပါစေ။ |
| နှလုံးစိတ်ဝမ်း | အေးချမ်းကြပါစေ။ |

၃။ မြောက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တ သတ္တဝါတို့. . .

| | |
|---|---|
| ဘေးရန်ခပ်သိမ်း | ငြိမ်းကြပါစေ။ |
| ဒေါသခပ်သိမ်း | ငြိမ်းကြပါစေ။ |
| ဆင်းရဲခပ်သိမ်း | ငြိမ်းကြပါစေ။ |
| နှလုံးစိတ်ဝမ်း | အေးချမ်းကြပါစေ။ |

၄။ တောင်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တ သတ္တဝါတို့. . .

| | |
|---|---|
| ဘေးရန်ခပ်သိမ်း | ငြိမ်းကြပါစေ။ |
| ဒေါသခပ်သိမ်း | ငြိမ်းကြပါစေ။ |
| ဆင်းရဲခပ်သိမ်း | ငြိမ်းကြပါစေ။ |
| နှလုံးစိတ်ဝမ်း | အေးချမ်းကြပါစေ။ |

၅။ အရှေ့တောင်ထောင့်အရပ်၌ရှိသော အနန္တ စကြဝဠာ အနန္တ သတ္တဝါတို့. . .

| | |
|---|---|
| ဘေးရန်ခပ်သိမ်း | ငြိမ်းကြပါစေ။ |
| ဒေါသခပ်သိမ်း | ငြိမ်းကြပါစေ။ |
| ဆင်းရဲခပ်သိမ်း | ငြိမ်းကြပါစေ။ |
| နှလုံးစိတ်ဝမ်း | အေးချမ်းကြပါစေ။ |

၆။ အနောက်မြောက်ထောင့်အရပ်၌ရှိသော အနန္တ

Generated by CamScanner from intsig.com

စကြဝဠာ အနန္တ သတ္တဝါတို့. . .

ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၇။ အရှေ့မြောက်ထောင့်အရပ်၌ရှိသော အနန္တ စကြဝဠာ အနန္တ သတ္တဝါတို့. . .

ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၈။ အနောက်တောင်ထောင့် အရပ်၌ရှိသော အနန္တ စကြဝဠာ အနန္တ သတ္တဝါတို့. . .

ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၉။ အောက်အရပ်၌ရှိသော ထက်ဝန်းကျင်အနန္တ စကြဝဠာ အပယ်ဘုံသား အနန္တသတ္တဝါတို့. . .

ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။



ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၁၀။ အထက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တ စကြဝဠာ အနန္တနတ်ဗြဟ္မာတို့. . .

ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

ဟောဒါ ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကလာတဲ့ ဒိသာဖရဏာမေတ္တာပို့ခေါ်တဲ့ အရပ် ၁၀ မျက်နှာ အာရုံပြုပြီးတော့ ဖြန့်ဝေတဲ့ မေတ္တာ၊ ဒီအရပ် ၁၀ မျက်နှာထားပုံက ခုပြောသလိုပဲ စာထဲကထားတာက အရှေ့, အနောက်, မြောက် တောင်, ဒီအစီအစဉ်အတိုင်း အရှေ့တောင်ထောင့်, အနောက် မြောက်ထောင့်, အရှေ့မြောက်ထောင့်, အနောက်တောင်ထောင့် ဒီလိုစဉ်ပါတယ်။ အေး. . . မိမိတို့ လွယ်လွယ်စဉ်ချင်ရင်တော့ အရှေ့ကနေပြီးတော့ အရှေ့တောင်၊ အရှေ့တောင်ကနေ တောင်၊ တောင်ကနေပြီးတော့ အနောက်တောင်၊ အနောက်တောင်ကနေပြီး အနောက်၊ အနောက်ကနေပြီး, အနောက်မြောက်, အနောက်မြောက်

Generated by CamScanner from intsig.com

ကနေပြီး မြောက်၊ မြောက်ကနေပြီးတော့ အရှေ့မြောက်၊ ပြီးတော့ အရှေ့လို့ အဲဒီလို ဘုန်းကြီးတို့ သိမ်များနိမိတ် ကြားတဲ့အခါ အရပ်စဉ်စပ်အောင် ကြားရသလို ရှိတယ်။ အဲဒီလို အရပ်စဉ်အတိုင်း ယခုလို မေတ္တာပွားမယ်ဆိုလဲပဲ ပွားရပါ တယ်။ ပွားကောင်းပါတယ်။

အခုပြောတဲ့ မေတ္တာဘာဝနာ ဆိုနည်းတွေဟာ ဘုန်းကြီးတို့ ဒိခင်မွန်ဆရာတော်ကြီးများ ပွားတဲ့နည်း အတိုင်းပါ။ ဆိုရိုးအတိုင်းပါ။

## ထက်ဝန်းကျင်ပါသင့်ပုံ ရှင်းလင်းချက်

ဟောဒါ အထက်အရပ်နဲ့ အောက်အရပ်ကျတော့ နည်းနည်း ထက်ဝန်းကျင် အနန္တစကြဝဠာလို့ ထက်ဝန်းကျင် ကလေး ထည့်ရတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ အဲဒီထက် ဝန်းကျင်လေးမထည့်ရင် အောက်အရပ်၌ရှိသော အနန္တ စကြဝဠာလို့ ဆိုလိုက်ရင် ဒီစကြဝဠာအောက်မှာ စကြဝဠာ တိုက်တွေ တစ်တိုက်ပြီး တစ်တိုက်, တစ်တိုက်ပြီး တစ်တိုက် အောက်မှာပေါ့လေ စကြဝဠာတွေ အနန္တရှိတယ်လို့ ဒီလို အဓိပ္ပါယ် ရောက်တယ်။ မဟုတ်ဘူး။ အမှန်က ဒီစကြဝဠာ မှာ အခုမြေအောက်မှာ ရေရှိတယ်။ ရေအောက်မှာ လေရှိ တယ်။ လေအောက်မှာ အဇဋာကာသဆိုတဲ့ ကောင်းကင်ကြီး



လည်းရှိတယ်။ အောက်မှာ စကြဝဠာတစ်တိုက် မရှိဘူး၊ ဘေးပတ်ဝန်းကျင်မှာတော့ စကြဝဠာတိုက်တွေ အနန္တရှိ တယ်။ အဲဒါတွေအားလုံး ရောက်အောင်လို့။

အောက်အရပ်၌ရှိသော နောက်နားက ထက်ဝန်းကျင် ဆိုတာ ဘေးပတ်လည်လို့ ဆိုလိုတယ်၊ အနန္တစကြဝဠာ၊ အဲဒီစကြဝဠာက ဘာပြုလို့ ဒီလိုပို့ရတုန်းဆိုတော့ ခုနင်က အရပ်ရှစ်မျက်နှာ ပြောတုန်းက အပါယ်ဘုံသားတွေ စိတ်က အာရုံမရောက်ဘူး။ ကိုယ်ကိုယ်တိုင် ပို့ကြည်လည်း မရောက် တာတွေ့ရတယ်။ အဲဒါကြောင့် အပါယ်ဘုံသားတွေကို အာရုံရောက်အောင်လို့ အောက်အရပ်က ပွားရတယ်။

ထို့အတူပဲ အရပ်ရှစ်မျက်နှာပွားတုန်းက အထက်က နတ်တွေ, ဗြဟ္မာတွေ မပါဘူး။ အာရုံထဲမှာ မရောက်ဘူး။ မိမိတို့ လူတွေ တစ်ပြင်တည်းစည်နေတဲ့ လူတွေကိုသာ အာရုံရောက်လို့ အထက်က နတ်တွေ, ဗြဟ္မာတွေရော မေတ္တာပွားအောင် ဆိုပြီးတော့

အထက်အရပ်၌ရှိသော အနန္တစကြဝဠာလို့ ဆိုတဲ့ ရှေ့နားက ထက်ဝန်းကျင်လို့ထည့်တာလည်း ဒီအတိုင်းပဲ။ ဒီထက်ဝန်းကျင် မထည့်လို့ရှိရင် ဒီစကြဝဠာရဲ့ အထက်မှာ စကြဝဠာတိုက်တွေ ဆင့်ကဲဆင့်ကဲ အနန္တစကြဝဠာလို့ အဲဒီ လို ထင်သွားမယ်။ အဲဒီလို မထင်အောင် အဲဒီအထင်ကို တားမြစ်ပြီးတော့ ထက်ဝန်းကျင်ဆိုတော့ ဘေးပတ်ပတ်လည်

Generated by CamScanner from intsig.com

အနန္တစကြဝဠာ အနန္တပြဟ္မာတို့ ဒါလေးပဲ ထူးတယ်။ ဒါ ဒိသာဖရဏမေတ္တာလို့ ခေါ်တယ်။ မေတ္တာဘာဝနာ ဒါ. . . တစ်နည်း။

## မေတ္တာဘာဝနာ ၁၁ မျိုး

### (က) သဗ္ဗသင်္ဂါဟက မေတ္တာ

ဗုဒ္ဓဘာသာဝင် သူတော်စဉ်တွေသည် နေ့စဉ် နေ့စဉ် အမြဲမပြတ် မေတ္တသုတ်ပရိတ်ကို ကြားရ, နာရ, ကိုယ်တိုင် လဲပဲ ရွတ်ကြရတယ်။ ဒီမေတ္တာသုတ်ပရိတ် ဆိုတာက မေတ္တာ ဘာဝနာ ၁၁ နည်းပွားတဲ့သုတ်။ မေတ္တသုတ်ပရိတ်ကျတော့ မေတ္တာဘာဝနာ ၁၁ နည်းပွားတာက ရှေးဦးစွာ. . .

သုခိနောဝ ခေမိနော ဟောန္တု။
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

သဗ္ဗသတ္တာ = ခပ်သိမ်းဥဿုံ အလုံးစုံသော သတ္တဝါတို့သည်။

သုခိနောဝ = ကာယိကသုခနှင့် ပြည့်စုံကြ ကုန်သည်ဖြစ်၍လည်းကောင်း ။



သုခိတတ္တာ = စေတသိကသုခနှင့် ပြည့်စုံကြသည် ဖြစ်၍ လည်းကောင်း ။

ခေမိနော = ဘေးရန်ဝေးပ အေးမြကြကုန်သည်။

ဟောန္တု - ဘဝန္တု - ဖြစ်ကြပါစေ။

သတ္တဝါတွေကို တစ်ခွန်းတည်းနဲ့ ခြုံပြီးပို့တဲ့ မေတ္တာ ဖြစ်လို့ သူ့ကို ဘုန်းကြီးတို့စာအခေါ် သဗ္ဗသင်္ဂါဟက မေတ္တာလို့ ခေါ်တယ်။ အဲဒီ သဗ္ဗသင်္ဂါဟကမေတ္တာ ပို့ချင်ရင် အားလုံးသတ္တဝါတွေ စကျွန်ရှေမျက်လွှာချပြီးတော့

လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ် စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ လို့

အားလုံးသတ္တဝါတွေ ခြုံပြီးပို့တဲ့ သဗ္ဗသင်္ဂါဟကမေတ္တာ = ဒါက တစ်နည်း။

### (ခ) ဒုကမေတ္တာ။

ရှင်းနောက်
ယေကေစိ ပါဏ ဘူတတ္ထိ၊
တသာ ဝါ ထာဝရာဝ, နဝသေသာ လို့ အားလုံး ကြား

Generated by CamScanner from intsig.com

ရတယ်။ အားလုံး ရွတ်လည်း ရွတ်ဖတ်ကြတယ်။ ဘုန်ကြီးတို့ ဒီပါဠိလို တကယ် မေတ္တာပွားပြီဆိုတော့

ယေ ကေစိ ပါဏဘူတတ္ထိ

တသာ ဝါ ထာဝရာဝ နဝ သေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ လို့ အဲဒီလို ပို့ရပါတယ်၊ ဟိုနောက်နားမှာ သူ့ရဲ့အဖျားဆက်က ရှိပါသည်။ အဲဒါကို ဘုန်းကြီးတို့ သတ္တဝါနှစ်ပုံနှစ်ပုံ၊ နှစ်စု နှစ်စု ထားပြီးပွားတဲ့ မေတ္တာမို့ ဒုကမေတ္တာလို့ ခေါ်ပါတယ်။

ဆိုကြပါစို့ ဟင်းတစ်မျိုးတည်း စားနေရတော့ အာရုံက စိတ်မကျေနပ်ဘူး။ နှစ်မျိုးလောက် အာရုံပြောင်းချင်သလိုပဲ။ အခုလဲပဲ သတ္တဝါတွေကို အကုန်လုံး တစ်ခွန်းတည်းနဲ့ ခြုံပြီး သဗ္ဗသင်္ဂါဟကနဲ့ အားမရရင်

ဒုကမေတ္တာ = သတ္တဝါနှစ်ပုံထားပြီး ပွားတဲ့ မေတ္တာ ပွားချင်လို့။

တသာဝါ ထာဝရာ ဝ နဝ့သေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ လို့ အဲဒီလို ပွားရပါတယ်။

ဗမာလိုပြောရင်တော့

တသာဝါ - ဆိုတာ ကြောက်တတ်တဲ့သတ္တဝါ။

ဒေါသကိလေသာမကင်းသေးတဲ့ ပုထုဇဉ်, သောတာပန်, သကဒါဂါမ်သတ္တဝါကို ကြောက်တတ်တဲ့ သတ္တဝါလို့ ခေါ်တယ်။



ထာဝရာ - ဆိုတာ မကြောက်တတ်တဲ့သတ္တဝါ။

ဒေါသကိလေသာကင်းလို့ မကြောက်တတ်တဲ့ သတ္တဝါ ဆိုတာ အနာဂါမ်, ရဟန္တာ။

အဲဒီ ၂ ခုကို . . . .

ကြောက်တတ် မကြောက်တတ်၊ နှစ်ရပ်များစွာ၊
သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

ဒီလို ပွားရပါမယ်။

တစ်ခါ သူ့ရဲ့တွဲဖက် နောက်နားမှာ

ဒိဋ္ဌာ ဝါ ယေ အဒိဋ္ဌာ တဲ့။

ဗမာလိုပြောရင် မိမိမျက်စိနဲ့ မြင်အပ်တဲ့ သတ္တဝါတွေ၊ ဟောဒီ ဓမ္မာရုံကြီးပေါ်မှာ ဒီအထပ် ဒီအဆောက်အအုံရဲ့ မြင်ဘက်က အရပ် ၁၀ မျက်နှာမှာရှိတဲ့ သတ္တဝါတွေဟာ မမြင်အပ်တဲ့ သတ္တဝါ၊ ၂ စုထားပြီးတော့

မြင်အပ် မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာ
ကိုယ်စိတ်မြဲပါစေ။

အဲဒီလိုပွားရပါတယ်။ နောက်က

Generated by CamScanner from intsig.com

ဒုရေ ဝသန္တိ အဝိဒူရေ ဆိုတာ အဝေးမှာ နေတဲ့ သတ္တဝါ၊ အနီးမှာနေတဲ့ သတ္တဝါ၊ ခုနင်က သတ္တဝါ ၂မျိုးကို ပြန်လိုက်တာ။ အဝေးမှာနေတဲ့ သတ္တဝါဆိုတာက ဒီအဆောက်အအုံ အပြင်ဘက်က အရပ် ၁၀ မျက်နှာမှာနေကြတဲ့ သတ္တဝါတွေ၊ အနီးမှာနေတဲ့ သတ္တဝါဆိုတာ ဒီအဆောက်အအုံအတွင်းမှာ ရှိတဲ့သတ္တဝါတွေ အာရုံပြုပြီးတော့

**ဝေးနေ နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊**
**ချမ်းသာကိုယ်စိတ်မြဲပါစေ။**

ဒီလို ပွားရပါတယ်။

ပြီးတော့ နောက်နားမှာ

**ဘူတာဝ သမ္ဘဝေသီဝ၊**

သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ ဆိုတာ ဘူတာ ဝါ- ဆိုတာ သံသရာဖြစ်ပြီးပြီး, နောက်ဆုံး ဖြစ်စရာမရှိတော့တဲ့ ရဟန္တာပုဂ္ဂိုလ်တွေ၊ သမ္ဘဝေသီ-ဆိုတာ ဘဝဇာတ်မဆုံးသေးတဲ့ ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်တွေ၊ ဒါတွေကို ၂-ပုံထားပြီးတော့

**ဘဝဇာတ်ဆုံး၊ မဆုံးများစွာ၊ သတ္တဝါ၊ ချမ်းသာ**
**ကိုယ်စိတ်မြဲပါစေ၊**

လို့ အဲဒီလို မေတ္တာပွားရမှာ ဖြစ်ပါတယ်။



## (ဂ) တိကမေတ္တာ

တစ်ခါ သတ္တဝါကို နှစ်ပုံထားပြီး ပို့တဲ့မေတ္တာ လေးပါး အပြင် သတ္တဝါကို သုံးပုံထားပြီး ပွားတဲ့မေတ္တာကျတော့ တိကမေတ္တာလို့ ခေါ်တယ်။ အဲဒီမှာ ဘုန်းကြီးတို့-

**ဒီဃာ ဝါ ယေဝ မဟန္တာ**
**မဇ္ဈိမာ ရဿကာ အဏုကထူလာ။**

ဒီပါဠိတော်ဂါထာထက်ဝက်မှာ ဘုန်းကြီးတို့ သတ္တဝါ သုံးပုံ သုံးပုံ သုံးခုရအောင် ဉာဏ်ဖြန့်ရတယ်။

ဒီဃာဝါ = တဲ့ ရှည်လျားတဲ့ ခန္ဓာကိုယ် အတ္တဘောရှိကဲ့ သတ္တဝါ၊

နောက်နားက ရဿကာလို့ ပါတယ်။

တိုတဲ့ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါ၊

မဇ္ဈိမာ = မရှည်မတို အလယ်အလတ် အတ္တဘောရှိကဲ့ သတ္တဝါ၊

ရှည်တဲ့သတ္တဝါဆိုတော့ မြွေတို့၊ နဂါးတို့ပေါ့၊

တိုတဲ့သတ္တဝါဆိုတော့ လိပ်တို့။

မတိုမရှည်ဆိုတော့ ဒီကြားက သတ္တဝါတွေ ဒီသုံးစုကို ခွဲပြီးတော့

**ရှည်, တို, အလတ်, သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ**
**ကိုယ်စိတ်မြဲပါစေ။**

Generated by CamScanner from intsig.com

ဒီလို ပွားရတယ်။

တစ်ခါ နောက်လာတယ်။

မဟန္တာတဲ့ ခန္ဓာကိုယ်ကြီးမားတဲ့ သတ္တဝါ ရာဟု အသူရိန်ကြီးတို့လို ခန္ဓာကိုယ်ကြီးမားတဲ့သတ္တဝါတွေ။

အဏုကာ ခန္ဓာကိုယ်သေးငယ်တဲ့ သတ္တဝါတွေ။

မဇ္ဈိမာ အဲဒီ မကြီး မငယ် အလယ် အလတ် သတ္တဝါတွေ။ သုံးစုထားပြီးတော့

**ကြီး ငယ် အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ**
**ကိုယ်စိတ်မြဲပါစေ။**
**ဒီလိုပွားရတယ်။**

တစ်ခါနောက်နားက . . .

**မဇ္ဈိမာ ရဿကာ အဏုက ထူလာ။**

ထူလာ ဆူတဲ့ ဖြိုးတဲ့ ဝတဲ့ ခန္ဓာကိုယ်အတ္တဘော ရှိတဲ့သတ္တဝါ။

အဏုကာ - ကြုံတဲ့, လှီတဲ့, ပိန်တဲ့ ခန္ဓာကိုယ် အတ္တဘောရှိတဲ့သတ္တဝါ။

မဇ္ဈိမာ - မဆူ မကြုံ, အလယ် အလတ် အတ္တဘော



ရှိတဲ့ သတ္တဝါ။

လူပဲသုံးမျိုးနော်။ ဝတဲ့လူ, ပိန်တဲ့လူ, မဝ မပိန် အလယ် အလတ်လူ။ ဒီ ၃ မျိုး၊ အဲဒီမှာ

ဆူ, ကြုံ, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ
ကိုယ်စိတ်မြဲပါစေ။

အဲဒီလိုပွားတယ်။

## (ဃ) ဟိတာဓိဂမာဓိပ္ပာယမေတ္တာ။

အခုပြောတဲ့ မေတ္တာတွေက တစ်ဖက်သားအပေါ်မှာ အစီးအပွား ချမ်းသာရကြောင်း အစီးအပွားကိုရယူလိုတဲ့ မေတ္တာ၊ ပါဠိလို ဟိတာဓိဂမာဓိပ္ပာယ မေတ္တာလို့ ခေါ်တယ်။

## (င)· အဟိတာပနယနာဓိပ္ပာယမေတ္တာ

အစီးအပွားချမ်းသာရကြောင်းကို ရယူလိုတာ မေတ္တာ မည်သလို တစ်ဖက်သားပေါ်မှာ အစီးအပွားမဲ့လို့ခေါ်တဲ့ ဆင်းရဲဒုက္ခရောက်ကြောင်း မလိုတာကိုလည်းလဲ အဟိတာ ပနယနာဓိပ္ပာယမေတ္တာလို့ခေါ်တယ်။

Generated by CamScanner from intsig.com

အဲဒီမေတ္တာပွားနိုင်အောင်လို့ . . .

**န ပရော ပရံ နိကုဗ္ဗေထ၊**
**နာတိမညေထ ကတ္ထစိ နံ ကံစိ၊**
**ဗျာရောသနာ ပဋိဃသညာ၊**
**နာညမညဿ ဒုက္ခမိစ္ဆေယျ။**

သတ္တဝါတွေ ဆင်းရဲဒုက္ခရောက်တာ ဘာကြောင့်လဲ။ တစ်ယောက်က တစ်ယောက် (ကို) လိမ်လည်လှည့်ဖြားနေလို့။ အလိမ်မပေါ်ခင် ဆက်ဆံရေး အဆင်ပြေသော်လည်း အလိမ်ပေါ်လာရင် ခိုက်ရန်ဒေါသဖြစ်ပြီး ဆင်းရဲဒုက္ခရောက်တယ်၊ ဒါကြောင့် လူအချင်းချင်း လှည့်ပတ်ခြင်းဟာ ဆင်းရဲဒုက္ခ ရောက်ကြောင်းတရား။ ဒီတရားကင်းကြပါစေ။

**လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။**
ဒီလိုပွားရတယ်၊

တစ်ခါ . . .
**နာတိမညေထ ကတ္ထစိ နံ ကံစိ။**
ဒုတိယ သတ္တဝါတွေ ဆင်းရဲ ဒုက္ခရောက်ကြောင်း



ပြောစမ်းပါ။

တစ်ယောက်က တစ်ယောက်ကို အထင်သေးခြင်း။ အထင်သေးတာ မသိခင်တော့ ဆက်ဆံရေးအဆင်ပြေပြီး အထင်သေးတာသိရင် ခိုက်ရန်ဒေါသဖြစ်ပြီး ဆင်းရဲဒုက္ခရောက်တယ်။ ဒါကြောင့် အချင်းချင်း အထင်သေးခြင်းလည်းပဲ ဆင်းရဲဒုက္ခရောက်ကြောင်း အစီးအပွားမဲ့တရားဖြစ်လို့ အဲဒီတရား ကင်းပါစေ။

**အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ၊**
ဒီလိုမေတ္တာပွားရတယ်။

**ဗျာရောသနာ ပဋိဃသညာ၊**
**နာညမညဿ ဒုက္ခမိစ္ဆေယျ၊**

တတိယ ဒုက္ခရောက်ကြောင်းတရားက တစ်ယောက်က တစ်ယောက်ဆင်းရဲတာကို အလိုရှိတယ်။

"တပည့်တော်တို့ မလိုပါဘူးကိုယ်တော်၊ ဒီလိုမဟုတ်ပါဘူး" မိမိတို့က ဗုဒ္ဓရဲ့ သားတော်သမီးတော်မို့လို့ ဒီစိတ်တွေမရှိတာနော်။ ကမ္ဘာကြီးတစ်ခုလုံးကြည့်ရင် ဗုဒ္ဓဘာသာကလွဲရင် များသောအားဖြင့် တစ်ဖက်သား ဆင်းရဲတာ

ကိုပဲ အလိုရှိတယ်။ ကိုယ်သာ ချမ်းသာချင်တာ။ ဒါကြောင့် အချင်းချင်း ဆင်းရဲလိုခြင်းလည်းပဲ ဒုက္ခရောက်ကြောင်း တရားဖြစ်လို့ . .

ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

အဲဒီလို မေတ္တာပွားတာကို အစီးအပွားမဲ့ဖယ်ရှားလိုတဲ့ မေတ္တာသုံးပါးလို့ခေါ်တယ်။

## မေတ္တာ ၁၁ နည်း လက်တွေ့ပွားပုံ

ယခု မေတ္တာဘာဝနာ တစ်နည်းတစ်နည်းကို ၂ ခေါက် ၂ ခေါက် လက်တွေ့ ပွားကြည့်ရအောင်ဗျ၊ စက္ခုန္ဒြေ မျက်လွှာကိုချ။ အားလုံးလိုက်ဆိုကြဗျား။

(အောက်ဖော်ပြပါ မေတ္တာ ၁၁ နည်းပွားပုံကို ဆရာတော်ကြီးက တိုင်ပေး၍ ဒကာ ဒကာမအပေါင်းက လိုက်၍ ဆိုကြပါသည်။ တစ်နည်း တစ်နည်းလျှင် ၂ ခေါက်ကျ ဖြစ်ပါသည်။)

(၁) လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်အေးကြပါစေ။



(၂) ကြောက်ကတ်, မကြောက်တတ်၊ နှစ်ရပ်များစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်အေးကြပါစေ။

(၃) မြင်အပ် မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်အေးကြပါစေ။

(၄) ဝေးနေ နီးနေ၊ နှစ်ထွေများစွာ၊သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး ငြိမ်အေးကြပါစေ။

(၅) ဘဝဇာတ်ဆုံး၊ မဆုံးများစွာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်အေးကြပါစေ။

(၆) ရှည်, တို, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်အေးကြပါစေ။

(၇) ကြီး, ငယ်, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး ငြိမ်အေးကြပါစေ။

(၈) ဆူ, ကြုံ, အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။

Generated by CamScanner from intsig.com

ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး ငြိမ်အေးကြပါစေ။

(၉) လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။

(၁၀) အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

(၁၁) ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

ဟောဒါ မေတ္တာသုတ်ကလာတဲ့ မေတ္တာ ဘာဝနာ ၁၁ နည်း၊ တစ်နည်းတစ်နည်းကို ၂ ကြိမ် ၂ ကြိမ်ပွားပြီးပြီ။

## ဆုတောင်း

အားလုံး မေတ္တာဘာဝနာပွား၍ လောဘမီး, ဒေါသမီး, မောဟမီး, ငရဲမီး, တိရစ္ဆာန်မီး, ပြိတ္တာ, အသူရကာယ်, အပါယ်မီးကို ငြိမ်းသတ်နိုင်ပါတယ်ဆိုတဲ့ တရားတော်အရ. . .

လောဘ, ဒေါသ, မောဟ, အပါယ်တည်းဟူသော မီး လေးပါးကို ဤမေတ္တာဘာဝနာ ၂ နည်းဖြင့် ငြိမ်းသတ်၍ ဒုက္ခဇာတ် ငြိမ်းအေးတဲ့ကိုယ်ဖြစ်ကြပါစေလို့ ဆုမွန်ကောင်းလည်းတောင်းရမယ်၊ အားလုံးလည်း ဆုတောင်းရအောင် ဘုန်းကြီး ရှေ့က ဆုတောင်းပေးမယ်။



ဤသို့လျှင် နေ့စဉ်နေ့စဉ် ငါးပါးသောဂရုဓမ္မနိစ္စ သီလဆောက်တည်ရခြင်း = သီလကောင်းမှု ကုသိုလ်ကံ စေတနာ။ မေတ္တာဘာဝနာ နှလုံးကျင့်သုံးရခြင်း = ဘာဝနာ ကောင်းမှုကုသိုလ်ကံစေတနာ၊ နေ့စဉ် စွမ်းအင်ရှိသမျှ ဒါန ပြုရခြင်း = ဒါနမယကောင်းမှု ကုသိုလ်ကံစေတနာ ဤသို့ ပေါင်းအပ်, ဤသို့ ပွားအပ်များမြတ်တဲ့ ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် "ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်း၊ ဇာတ်သိမ်း ပြည် နိဗ္ဗာန်" တဲ့ ဒုက္ခခပ်သိမ်းတို့ချုပ်ရာ, ငြိမ်းရာ, ပြတ်ရာ, သံသရာဇာတ်သိမ်းရာ နိဗ္ဗာန်တရားတော်မြတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့်ပဋိပတ်၊ လျှင်မြန်သော ဝိပဿနာ အသိဉာဏ်၊ ရည်သန်အပ်သော မဂ်ဉာဏ် လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် ကိုယ်စီကိုယ်င မျက်မှောက် ပြုနိုင်ကြသည် ဖြစ်ပါစေကုန်သတည်း။

အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုရသော ထိုနောက်ဆုံးဘဝ ပရိနိဗ္ဗာနစုတိ၏ နောက်ကာလ၌ ကာမ, ရူပ, အရူပတည်းဟူသော ဘဝသုံးပါး ဘုံသုံးပါးတို့တွင် ဘယ်ဘုံ ဘယ်ဘဝ၌ နာမ်ရုပ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာတရားတို့ တစ်ဖန်အသစ် မဖြစ်ရခြင်း တည်းဟူသော အနုပ္ပါဒနိရောဓ အနုပ္ပါဒါ ပရိနိဗ္ဗာန် ကိုယ့်စီ စံရပါစေကုန်သတည်း။

အနုပါဒါပရိနိဗ္ဗာန်ကိုယ်စီစံရသဖြင့် ကာမဝဋ်၊ ကိလေသာဝဋ်၊ ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာမီးတောက် မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။ ။

(သာဓု. . . သာဓု. . . သာဓု)



## မေတ္တာစွမ်းအင်

တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်၊ ချက်ကာထမင်း၊ ကျွေးမွေးခြင်းထက်၊ မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊ ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြွက်စွာ မိန့်ခွန်းဟာသည်း။

## မေတ္တာပွားကျိုး ဆယ့်တစ်မျိုး

ဒိဗ်-နိုး-ချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လှျတ်လူနတ်၊ စောင့်လက်နတ်များ၊ မီး, ဆိပ်, ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျှင်စွာစိတ်တည်၊ ရှင်ကြည်မျက်နှာ၊ သေခါမတွေ၊ လားလေ ပြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း။

(မေတ္တာဝါဒမှ)

Generated by CamScanner from intsig.com



## မေတ္တာ သက်လုံ လုံ့ရဲ့လား

အား သက်လုံ ပျက်သောန္ဒား အမြုပ် ထွက်လွယ်သည်၊ ဝန်မနိုင်။ မေတ္တာသက်လုံပျက်သူ ဒေါသအမြုပ် ထွက်လွယ်သည်၊ ခန္တီ ဝန်မနိုင်။ အလောဘ သက်လုံပျက်သူ ရာဂအမြုပ် ထွက်လွယ်သည်၊ သမထဝန် မနိုင်၊ အမောဟ သက်လုံပျက်သူ မောဟ အမြုပ်ထွက်တတ်သည်။ ဝိပဿနာဝန် မနိုင်၊ ဟိရိ ဩတ္တပ္ပ သက်လုံပျက်သူ ကိလေသာ အမြုပ်ထွက်လွယ်သည်။ သီလဝန် မနိုင်၊ သဒ္ဓါသက်လုံပျက်သူ မစ္ဆေရ အမြုပ်ထွက် လွယ်သည်၊ ဒါနဝန် မနိုင်။

(ဂုဏဂုရု မောင်းထောင်ဆရာတော် ဦးပညာသာမိ)